# ဘုရားပွင့်ရာ ဤကမ္ဘာ

တစ်ဆူ သာရ နှစ်မဏ္ဍ ဝရသုံးဆူသား။

သာရမဏ္ဍ လေးဆူမြဲ ပဉ္စ ဘဒ္ဒကာ။

တစ်ဆူကိုမျှ မပွင့်က သုည ကိုကမ္ဘာ။

၁။ ဘုရားတစ်ဆူသာ ပွင့်သောကမ္ဘာသည် သာရကမ္ဘာ

၂။ ဘုရားနှစ်ဆူ ပွင့်သောကမ္ဘာသည် မဏ္ဍကမ္ဘာ

၃။ ဘုရားသုံးဆူ ပွင့်သောကမ္ဘာသည် ဝရကမ္ဘာ

၄။ ဘုရားလေးဆူ ပွင့်သောကမ္ဘာသည် သာရမဏ္ဍကမ္ဘာ

၅။ ဘုရားငါးဆူ ပွင့်သောကမ္ဘာသည် ဘဒ္ဒကမ္ဘာ

၆။ ဘုရားတစ်ဆူမျှ မပွင့်သောကမ္ဘာသည် သုညကမ္ဘာ

ဤကမ္ဘာ၌ ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရား လေးဆူပွင့်တော်မူပြီး နောင် အန္တရကပ် တကပ် ကျော်လွန်ပြီး အနှစ်တစ်သိန်းတမ်းမှာ အရိမေတ္တေယျမြတ်စွာဘုရား ပွင့်တော်မူလိမ့်မည်၊ ထို့ကြောင့် ဤကမ္ဘာကို ဘဒ္ဒကမ္ဘာဟု ခေါ်သည်။

ပညာဘူမိ = ဝိပဿနာဉာဏ် ကျက်စားရာ (၆) ပါး

ခန္ဓာ (၅) ပါး၊ အာယတန (၁၂) ပါး၊ ဓာတ် (၁၈) ပါး၊

ဣန္ဒြေ (၂၂) ပါး၊ သစ္စာ (၄) ပါး၊ ပဋိစ္စသမုပ္ပါဒ် (၁၂) ပါး။

ဝိသုဒ္ဓိမဂ်၊ ၂၊ ၇၇

# သီလကျင့်စဉ်များ

ငါးပါးသီလကို နိစ္စသီလ၊ ဂဟဋ္ဌသီလ ဟုခေါ်၏

ထိုငါးပါးသီလထဲမှာ ကာမေသုမိစ္ဆာစာရ အစား အဗြဟ္မစရိယ ကိုရှောင်ကြဉ် ဗြဟ္မစရိယ ပဉ္စသီလ ဟုခေါ်၏။

ငါးပါးသီလ အပေါ်၌ ဝိကာလဘောဇန ကျင့်ရှောင် တေဘတ္တိက အင်္ဂါသီလ ကျင့်စဉ်များကို ကျင့်သုံးပါ တကယ့်လက်တွေ့ ဖြစ်အောင် ကျင့်ရမည်၊ သို့မှသာ လွတ်မြောက်မှုအစစ်အမှန် ရမည်။

## သမီးတော် (၇) ယောက်နှင့် အောက်ထုံး ဘာဝ အမည်များ

၁။ သမဏီ = ခေမာထေရီ　　၂။ သမဏဂုတ္တာ = ဥပ္ပလဝဏ်ထေရီ

၃။ ဘိက္ခုနီ = ပဋာစာရာထေရီ　　၄။ ဘိက္ခုဒါယိကာ = ကုဏ္ဍလကေသာထေရီ

၅။ ဓမ္မာ = ကိသာဂေါတမီ　　၆။ သုဓမ္မာ = ဓမ္မဒိန္နာထေရီ

၇။ သံဃဒါယိကာ = ဝိသာခါ

သမီးတော် (၇) ယောက်တို့သည် အိမ်ထောင်မှု မပြုဘဲ ကုမာရီဘဝဖြင့်ပင် ရှစ်ပါးသီလကို အမြဲစောင့်ထိန်းကြ၏၊ ထို (၈) ပါးသီလကို ကောမာရီဗြဟ္မစရိယ အဋ္ဌင်္ဂသီလ ဟုခေါ်၏။